| အသုံးအနှုန်း | အဓိပ္ပာယ်ဖွင့်ဆိုချက် | ပုံ |
|---|---|---|
| **အဆစ်ရောင်ခြင်း** | လူတစ်ယောက်၏ အဆစ်များတောင့်တင်းလာခြင်းနှင့်လှုပ်ရှားရန်နာကျင်ခြင်း စသည့်ကျန်းမာရေးပြဿနာ။ | |
| **သေးငယ်သောဘီး များ** | ဆုံလည်ဘီးများ။ ဥပမာ- ရုံးရှိဆုံလည်ထိုင်ခုံ မှဘီးငယ်များ သို့မဟုတ် ဘီးတပ်ကုလားထိုင်များ၏ ရှေ့တွင်ရှိသောဘီးငယ်များဖြစ်သည်။ | |
| **ဆီးပိုက်** | ဆီးအိမ်မှ ဆီးကို စွန့်ထုတ်ရန် အသုံးပြုသော ပျော့ပျောင်းသော ပြွန်တစ်ခု။ ၎င်းတို့အားဆီးအိမ်မှ အမှီအခိုကင်းစွာ (သို့) မိမိဆန္ဒအလျောက် ဆီးမစွန့်ထုတ်နိုင်သူအချို့တွင် အသုံးပြုသည်။ **ဆီးပိုက်** အမျိုးအစားပေါ်မူတည်၍ ဆီးအိတ်ကဲ့သို့သော အခြားပစ္စည်းများ လိုအပ်မည်ဖြစ်ပါသည်။ |  |
| **ပတ်ဝန်းကျင် အတားအဆီးများ** | လူတစ်ဦး၏ပတ်ဝန်းကျင်တွင်း(ဥပမာအားဖြင့် အိမ်တွင်း (သို့) ၎င်းတို့၏ပတ်ဝန်းကျင်၊ သို့မဟုတ် အသိုင်းအဝိုင်းအတွင်း) ရှိ ၎င်းတို့၏ရွေ့လျားသွားလာနိုင်စွမ်းကို တားဆီးခြင်း (သို့) ပိတ်ဆို့ခြင်းများကိုဖြစ်စေသောအတားအဆီးများ။ ပတ်ဝန်းကျင် အတား အဆီးဥပမာများမှာ- ဘီးတပ်ကုလားထိုင် သုံးသူတစ်ဦးအတွက် အခက်အခဲဖြစ်စေသော လှေကားထစ်များ လေးချောင်းထောက်ကို အသုံးပြုပြီး ဖြတ်မသွားနိုင်သောကျဉ်းမြောင်းသော တံခါးပေါက်။ | |
| **ချည့်နဲ့ခြင်း** | အားပျော့ခြင်း၊ ထိခိုက်လွယ်ခြင်းနှင့် အားနည်းခြင်း။ လူများအသက်ကြီးလာပြီး ကျန်းမာရေးကျဆင်းလာသောအခါ ဖြစ်ပေါ်လာတတ်သည်။ | |
| **ဆုပ်ကိုင်ရန်** | လူတစ်ဦး ဟန်ချက်ညီရန် (သို့) လှုပ်ရှားရန် အတွက် |  |

| အသုံးအနှုန်း | အဓိပ္ပာယ်ဖွင့်ဆိုချက် | ပုံ |
|---|---|---|
| **လက်ရမ်း၊ ဘား** | ဆုပ်ကိုင်နိုင်သည့် တပ်ထားသောဘား။ | |
| **မတင်ပေးသည့်ကိရိယာ** | လွှဲပြောင်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် လူတစ်ဦးအား မျှော့ကြိုးကို အသုံးပြု၍ မြှောက်ပေးသည့်ကိရိယာ |  |
| **မထိန်းနိုင်ခြင်း** | လူတစ်ဦးသည် ၎င်းတို့၏ ဆီး သို့မဟုတ် ဝမ်းကို ထိန်းချုပ်ရန်ခက်ခဲခြင်း (သို့) ၎င်းတို့၏ဆီး (ဆီးမထိန်းနိုင်ခြင်း) (သို့) ဝမ်း(ဝမ်းမထိန်းနိုင်ခြင်း) တို့ကို မိမိဆန္ဒအလျောက် မထိန်းချုပ်နိုင်သည့်အခါ | |
| **ကိုယ်ဟန်အနေအထားကို ပံ့ပိုးပေးသည့်အရာများ** | ဘီးတပ်ကုလားထိုင်၊ ရေချိုးခန်းသုံးသို့မဟုတ် အိမ်သာသုံးကုလား ထိုင်တို့အပြင်၊လူတစ်ဦးကို ပိုမိုထောက်ပံ့မှုပေးသည့်အရာများ။ ကိုယ်ဟန်အနေအထားဆိုင်ရာ ပံ့ပိုးမှုများကို အရည်အချင်းပြည့်မီသူမှ သတ်မှတ်ပေးသင့်သည်။ ရေချိုးခန်းသုံးသို့မဟုတ် အိမ်သာကုလားထိုင်ပေါ်တွင်သုံးရန် ကိုယ်ဟန်အနေအထား ပံ့ပိုးမှု ဥပမာများမှာ- ပေါင်ရင်းသိုင်းခါးပတ်တစ်ခု ဘေးဘက်မှအပိုပံ့ပိုးပေးသောပစ္စည်း ခေါင်းမှီ |  |
| **ဖိအားကြောင့်ဖြစ်သောဒဏ်ရာ** | အရေပြားပေါက်ပြဲဒဏ်ရာဖြစ်သည်။ အများအားဖြင့် အရိုးပေါ်တွင် ဖြစ်လေ့ရှိပြီး (အာရုံကြော)ခံစားချက်နှင့်ပတ်သက်ပြီးပြဿနာရှိသူ သို့မဟုတ် လှုပ်ရှားရန်နှင့် အနေအထားပြောင်းရန်ခက်ခဲသူတို့တွင်ဖြစ်လေ့ရှိသောပြဿနာတစ်ခုဖြစ်သည်။ | |

| အသုံးအနှုန်း | အဓိပ္ပာယ်ဖွင့်ဆိုချက် | ပုံ |
|---|---|---|
| **ကျောရိုးရှိပင်မအာရုံကြောဒဏ်ရာရခြင်း** | အာရုံကြောမကြီးပျက်ဆီးခြင်းသည် ထိခိုက်ဒဏ်ရာ (သို့) ရောဂါကြောင့် ဖြစ်လေ့ရှိသည်။အာရုံကြောမကြီး ထိခိုက်ဒဏ်ရာ ရပြီးနောက် အာရုံကြောမကြီးမှ ဦးနှောက်နှင့် ခန္ဓာကိုယ်ကြား သတင်းစကားများကို ဆက်သွယ်၍မပို့ဆောင်ပေးနိုင်တော့ချေ။ ထိခိုက်ဒဏ်ရာရသည့်အာရုံကြောမကြီးနှင့်သက်ဆိုင်သော ခန္ဓာကိုယ်အောက်ပိုင်းသည် မလှုပ်ရှားနိုင်ခြင်း(အကြောသေခြင်း)၊အာရုံခံစားမှုမရှိတော့ခြင်း ကို ဖြစ်စေနိုင်လေ့ရှိသည်။ | |
| **လေဖြတ်ရောဂါ** | ဦးနှောက်ထဲတွင် သွေးကြောပိတ်ခြင်း။ ၎င်းကြောင့် ခန္ဓာကိုယ်တခြမ်း အားယုတ်ခြင်း၊ မလှုပ်ရှားနိုင်တော့ခြင်း အပြင် စကားပြောခြင်းနှင့် ခံစားခြင်းတို့ကိုပါ ပြဿနာဖြစ်စေနိုင်သည်။ | |
| **အိမ်သာအမျိုးအစားများ** | | |
| **ဘိုထိုင်အိမ်သာ** | လူတွေ ထိုင်၍အသုံးပြုသောအိမ်သာပုံစံ။ |  |
| **ဆောင့်ကြောင့်ထိုင်အိမ်သာ** | လူတွေ ဆောင့်ကြောင့်ထိုင်၍အသုံးပြုသောအိမ်သာပုံစံ။ |  |
| **ရွှေ့ပြောင်းခြင်း** | ခန္ဓာကိုယ်ကိုတစ်နေရာမှတစ်နေရာသို့ရွှေ့ခြင်း။ |  |